# ကရင်အမျိုးသမီးအစည်းအရုံး (KWO) သဝဏ်လွှာ
# ၂၀၂၀ ခုနှစ် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာ စည်းရုံးလှုပ်ရှားမှု"

နိုဝင်ဘာလ ၂၅ရက်သည် နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာကြွေးကြော်သံမှာ "အသိပညာမြှင့်တင်ရေးမှတာဝန်ခံမှုသို့" ဖြစ်သည်။ ယနေ့တွင် အထူးသဖြင့် KWO သည် ကျား-မကွဲပြားမှုအခြေပြုအကြမ်းဖက်မှုများအဆုံးသတ်စေရေးအတွက် သံမဏိဒှာန်ချမှတ်ထားကြသောအမျိုးသမီးများနှင့် မဟာမိတ်အမျိုးသားအချို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအပ်ပါသည်။ သူတို့၏ မဆုတ်မနစ်သောကြိုးပမ်းအားထုတ်မှုများသည် ဤနေ့၏အရေးပါမှုကို ပျောက်ပျက်မသွားစေရန် ယနေ့မှသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်သော ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ "၁၆ရက်တာစည်းရုံးလှုပ်ရှားမှု"ကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်စေရန်အတွက် လူတိုင်းလူတိုင်းအနေဖြင့် တစ်စုံတစ်ရာလုပ်ဆောင်ရန် ကတိကဝတ်တစ်ခုပြုလုပ်ကြရန် KWO က တောင်းဆိုအပ်ပါသည်။ ဤရည်ရွယ်ချက်ရရှိစေရန် ၁၆ ရက်တာလှုပ်ရှားမှုကာလအတွင်းဖြစ်ရပ်များနှင့် လှုပ်ရှားမှုအများအပြားမှ တစ်ခုခုတွင်ပါဝင်ခြင်းဖြင့် သူတို့၏ကတိကဝတ်ကို ပြသကြသော မိမိတို့လူထုအသိုင်းအဝိုင်းမှ လူတိုင်းလူတိုင်းနှင့် ကမ္ဘာတစ်ဝှမ်းမှလူအားလုံးကို KWO ကတန်ဖိုးထားကြိုဆိုလိုက်ပါသည်။ မိမိတို့နှင့်ပူးပေါင်းပါဝင်ပါ။ သွေးစည်းညီညွတ်မှုကိုပြသပါ။

ယခုနှစ်စည်းရုံးလှုံ့ဆော်မှုကို KWO ကရွေးချယ်ထားသောကြွေးကြော်သံမှာ **"လူတိုင်းဥပဒေရေးရာတာဝန်ခံမှုရရှိရေး"** ဖြစ်သည်။ ဤကြွေးကြော်သံအရ နောက်ခံအခြေအနေ သို့မဟုတ် အနေအထား သို့မဟုတ် ချမ်းသာကြွယ်ဝမှု မည်သို့ပင်ရှိစေကာမူ အကြမ်းဖက်မှုကို ကျူးလွန်ကြသူအားလုံးကို ဥပဒေအရ တာဝန်ခံမှုရှိစေရမည်ဟု မိမိတို့ဆိုလိုသည်။ ဥပဒေသည် အမှုအားလုံးတွင် တန်းတူစွာနှင့် မျှတစွာသက်ရောက်မှုရှိစေရမည်။ အကြမ်းဖက်ခံရသူအားလုံးတိုင်းသည် မျှတသောတရားစီရင်မှုကိုမရရှိသကဲ့သို့ ဥပဒေအရကာကွယ်မှုကို တောင်းဆိုနိုင်သည့်စွမ်းရည်လည်း မရှိကြပေ။ သူတို့၏အနေအထား သို့မဟုတ် ကြွယ်ဝချမ်းသာမှုနှင့်မသက်ဆိုင်စေပဲ အစိုးရသည် ချိုးဖောက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို သူတို့၏တရားရေးစနစ်က ကိုင်တွယ်အရေးယူရန် အာမခံချက်ကိုပေးရန်တာဝန်ရှိပေသည်။ **"လူတိုင်း ဥပဒေရေးရာ တာဝန်ခံမှုရရှိရေး"** ဆိုသည်မှာ ချိုးဖောက်ကျူးလွန်သူများတွင် အာဏာရှိသူများနှင့်ဆင်းရဲသူ သို့မဟုတ် ချိုးဖောက်ခံရရန် အနေအထားရှိသူနှစ်မျိုးစလုံးအပေါ် တူညီသောဥပဒေများဖြင့် တန်းတူညီမျှစွာ အရေးယူဆောင်ရွက်ခြင်းကိုဆိုလိုသည်။ မိမိတို့၏အတွေ့အကြုံများအရ လူ့အသိုင်းအဝိုင်းအတွင်းရှိ လူတိုင်းလူတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှစွာ ရှိသည့်အခါမှသာလျှင် အကြမ်းဖက်မှုကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ကြောက်ရွံ့ခြင်းမရှိပဲ ဖော်ဆောင်နိုင်သည်။

**"လူတိုင်းဥပဒေရေးရာတာဝန်ခံမှုရရှိရေး"** ဟူသောကြွေးကြော်သံကို ရွေးချယ်ရခြင်းမှာ မိမိတို့အယောက်စီတိုင်းသည် လူသားများအနေဖြင့် ဥပဒေအောက်တွင် တာဝန်ခံမှုများရှိကြပြီး အာဏာကိုအလွဲသုံးမှုများရှောင်ရှားနိုင်ရန် လူတိုင်းသည် မိမိတို့လုပ်ဆောင်မှုများအပေါ် တာဝန်ခံမှုရှိကြရန် လိုအပ်ချက်ရှိကြောင်း လူတိုင်းလူတိုင်းကို သတိပေးရန် လိုအပ်သည်ဟုမြင်သောကြောင့်ဖြစ်သည်။ **ဥပဒေဆိုင်ရာတာဝန်ခံမှုသည် လူတိုင်းအတွက်ဖြစ်ရန်လိုပြီး မိမိတို့အားလုံးသည် မျှတသောတရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန် တာဝန်ရှိကြသည်။** ကျား-မကွဲပြားမှု သို့မဟုတ် လူမှုစီးပွားရေးအခြေအနေ သို့မဟုတ် အခြားသောကွာခြားမှုများ မည်သို့ပင်ရှိစေကာမူ လူတိုင်းလူတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်သည်။ **ချိုးဖောက်ကျူးလွန်သူများသည် တရားစီရင်ရေးစနစ်အောက်တွင် တာဝန်ခံမှုလုပ်ဆောင်ရသောအခါ ပြစ်မှုများအားလုံးကို ဥပ**

**ဒေနှင့်အညီ တန်းတူညီမျှစွာကိုင်တွယ်ရန်လိုအပ်သည်။** ယင်းသည် ချိုးဖောက်ကျူးလွန်ခံရသူအတွက် ဘက်လိုက်မှုကင်းခြင်းနှင့် တရားမျှတမှုကိုအာမခံပေးပြီး လူ့ဘောင်အသိုင်းအဝိုင်း၏ ဟန်ချက်ညီမှုနှင့် သာယာဝပြောမှုကို မြှင့်တင်ပေးမည်။

မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ရပ်တန့်စေရန်အတွက် လူတိုင်းလူတိုင်း တက်ကြွစွာပါဝင်ကြရန် KWO က တောင်းဆိုလိုက်သည်။ ဖိအားပေးမှုနှင့် ထိန်းချုပ်သည့်နည်းလမ်းများအောက်တွင် အမျိုးသမီးများနှင့်ကလေးများသည် လိင်ပိုင်းဆိုင်ရာချိုးဖောက်မှုနှင့် စော်ကားမှုများကို ခံစားနေကြရဆဲဖြစ်သည်။ ဤအကြမ်းဖက်မှုကို ရပ်တန့်ရမည်ဖြစ်ပြီး မည်သည့်နေရာတွင်မှ သည်းမခံသင့်ပေ။ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ရှင်သန်ကျန်ရစ်သူကလေးများသည် ဒုက္ခသည်စခန်းများတွင်၊ ကျေးရွာများတွင်၊ မြို့များတွင်နှင့် နိုင်ငံအဆင့်များတွင် တရားစီရင်ရေးစနစ်၏အဆင့်တိုင်းတွင် တရားမျှတမှုရရှိရန် ရှန်းကန်နေကြရသည်။ လူထုအသိုင်းအဝိုင်းများ တရားမျှတမှုကိုရရှိစေရန်အတွက် စနစ်များ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားကြသည်။ သို့သော်လည်း ထိုအရာများကို မျှတစွာ သို့မဟုတ် ညီမျှစွာကျင့်သုံးခြင်းမရှိကြပေ။

တစ်စုံတစ်ယောက်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို အသုံးပြုနေသည်ဟု မြင်ရကြားရသည့်အခါ အကြမ်းဖက်မှုများရပ်တန့်စေရန် ဘေးကင်းလုံခြုံသောနည်းလမ်းများဖြင့် ရှာဖွေကြရန်နှင့် ဖြစ်ရပ်များကိုတိုင်ကြားကြရန် KWO က မိမိတို့အသိုင်းအဝိုင်းရှိ လူတိုင်းကို တောင်းဆိုလိုက်သည်။ မိမိတို့အားလုံးတွင် တရားမျှတမှုအတွက်ရပ်တည်ရန် စွမ်းရည်များရှိကြပြီး အားလုံးအတူတကွ လက်တွဲခြင်းဖြင့် အကြမ်းဖက်မှုများကို ရပ်တန့်နိုင်ပါသည်။

သွေးစည်းညီညွတ်စွာဖြင့်
ကရင်အမျိုးသမီးအစည်းအရုံး